**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

# အသိပေးကြေညာခြင်း

၁။ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ထားသည့်ကာလအတွင်း အမေရိကန်ပြည်ထောင်စုရောက် မြန်မာနိုင်ငံသားများ၊ အမေရိကန်နိုင်ငံသား ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသို့ သွားရောက်ရန် ခွင့်ပြုချက်ရရှိထားသော နိုင်ငံခြားသားများအတွက် မြန်မာသံရုံး၊ ဝါရှင်တန်မြို့အနေဖြင့် **အပတ်စဉ် အင်္ဂါနေ့တိုင်း** ဆိုးလ်- ရန်ကုန် ခရီးစဉ်တွင် လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအချိန်သည် နှစ်ကုန် ရုံးပိတ်ရက်ရှည်ကာလ ခရီးသွားရာသီသို့ ရောက်ရှိနေပြီ ဖြစ်၍ မြန်မာနိုင်ငံသို့ ခရီးသွားရောက်မှုများ တိုးတက်များပြားလာပါသဖြင့် အမေရိကန် ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ ဆိုးလ်မြို့မှတစ်ဆင့် သွားရောက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အမေရိကန် ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ဒူဘိုင်းမြို့မှတစ်ဆင့် **အပတ်စဉ်တနင်္ဂနွေနေ့တိုင်း** သွားရောက်နိုင်ရေး အတွက် မြန်မာသံရုံး၊ ဝါရှင်တန်မြို့မှ ထပ်မံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ လက်ရှိ ဆိုးလ်-ရန်ကုန် ခရီးစဉ်အပြင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ ဒူဘိုင်းမြို့မှတစ်ဆင့်သွားရောက်ရန် စိတ်ဝင်စားသူများအနေဖြင့် မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ website **Expression of Interest| (mewashingtondc.com)** မှတစ်ဆင့် စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် သံရုံး၏ ဖုန်းနံပါတ် (202) 332 4352 / (202) 238 9332 ၊ email : mewdcusa@yahoo.com တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့။

၂၀၂၁ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၆ ရက်